
အင်အားကြီးမိဖုရား၏
ပြန်လည်ရှင်သန်ခြင်း
(ယဲ့ကျင့်ထန်)
စာစဉ် - ၂၅
ဘာသာပြန် စာရေးဆရာ – Gin Yu & Han May

# အခန်း ၃၆၁
## အဆင့်အမြင့်ဆုံးပန်းပဲပညာရှင် (၃)

ပန်းပဲရုံမှူးသည် မနည်းလုပ်ပြီးကာ

"ဒီကောင်မလေးက လက်နက်တစ်ခုကိုပဲ အပြီးထုလုပ်ပြုပြင်နိုင်ခဲ့တယ်ဆိုပေမဲ့ သူမပြသတဲ့ အစွမ်းအစတွေက ကျုပ်ထက် လုံးဝမလျော့ဘူး။ သူမရဲ့ဆရာသခင်က ဘယ်သူလဲဆိုတာ ကျုပ်တွေးမိတယ်။ ဒီလိုမျိုး ပါရမီရှင်မျိုးကို သင်ကြားနိုင်တယ်ဆိုရင်က ထိုပုဂ္ဂိုလ်က အဆင့်အမြင့်ဆုံးပန်းပဲဆရာတစ်ယောက်ပဲ ဖြစ်နိုင်မယ်" ဟုပြောလေသည်။

ထိုစကားကြောင့် အဘိုးအို၏မျက်လုံးမှ အကြည့်များ ပို၍ နက်နဲသွားလေသည်။

"ထူးခြား ကွဲပြားတဲ့ အဆင့်တစ်နေရာကို ရဖို့အတွက် မိမိရဲ့သိုင်းပညာအဆင့်က အရေးကြီးတယ်လို့ လူတိုင်းက တွေးကြတယ်။ ဒါပေမဲ့ ဆေးဖော်စပ်တာပဲဖြစ်ဖြစ် ပန်းပဲပညာရပ်မှာပဲဖြစ်ဖြစ် အဆင့်မြင့်ဆုံးနေရာကို ရောက်သွားလို့ရှိရင် သူတို့ ပြုလုပ် ဖော်စပ်သည့်အရာတွေကို ရယူနိုင်ဖို့အတွက် အင်အားကြီး လူပုဂ္ဂိုလ်များက ဘာမဆို လုပ်ပေးမည်ဖြစ်တဲ့အတွက် အခြား ဘာစိတ်ပူစရာမှ မရှိနိုင်တော့ဘူးလေ။

အခြား ဘာမှ ထူးထူးချွန်ချွန်မရှိရင် ဒီကောင်မလေး လက်နက်ပြုလုပ်တာကို အာရုံစိုက်လို့ရတာပေါ့။ သူမရဲ့ပါရမီနဲ့ဆိုရင် အဆင့်အမြင့်ဆုံး ပညာရှင်တစ်ယောက် ဖြစ်လာဖို့က မဖြစ်နိုင်တဲ့အရာ မဟုတ်ဘူးလေ" ဟုပန်းပဲရုံမှူးတီးတိုးပြောလေသည်။

ဒီလောကထဲတွင် အဆင့်အမြင့်ဆုံး ပညာရှင်အဆင့်ကို လူတွေရောက်ဖို့ အလွန်ရှားပါးပြီး လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်အတွင်း လူအချို့သာ အောင်မြင်နိုင်ခဲ့လေသည်။

ပြီးတော့ ထိုလူအနည်းငယ်တွင် သာမန် သိုင်းပညာရပ်များသာ ရှိကြပေမဲ့ သူတို့ ပြုလုပ်လိုက်သော ထိပ်တန်းနတ်အဆင့်ရှိ လက်နက်တွေက ဖြစ်ချင်တာ လုပ်ပေးမည့် လူတစ်စုကို ဆွဲဆောင်နိုင်လေသည်။

ဘယ်လောက်ပဲ အင်အားကြီးတဲ့ လူပုဂ္ဂိုလ်မဆို ပို၍ ထူးခြားသော အင်အားကြီးသည့် လက်နက်များကို ရှာဖွေကြရသေးသောကြောင့် အဆင့်အမြင့်ဆုံး ပညာရှင်များမှာ အစွမ်းကုန် ရှိသေစွာဖြင့် ပြုမူဆက်ဆံရသော သူများ ဖြစ်လေသည်။

"ကြည့်ရတာ ငါအတွင်းဂိုဏ်း အကြီးကဲခန်းမကိုသွားဖို့တော့ လိုပြီထင်တယ်" အဘိုးအိုသည် သူ့ရဲ့မုတ်ဆိတ်မွေးကို ပွတ်သပ်ကာ တွေးလိုက်လေသည်။

တကယ်လို့ ယွဲ့ကျင့်ထန်သာ ပန်းပဲပညာတွင် အဆင့်အမြင့်ဆုံးပညာရှင်တစ်ယောက် ဖြစ်လာနိုင်မည့် အစွမ်းအစရှိပါက သူမဟာ ရှန်းလင်ဂိုဏ်းအတွက် သာမန် တပည့်တစ်ယောက်လို ရိုးရှင်းတော့မည် မဟုတ်ပေ။ တကယ်လို့ ရှန်းလင်ဂိုဏ်းသာ အဆင့်အမြင့်ဆုံး ပညာရှင်တစ်ယောက်ကို မွေးထုတ်နိုင်မည်ဆိုပါက ထိုအရာသည် အလွန်ထူးကဲသော ဖြစ်ရပ်တစ်ခု ဖြစ်လာမည်ဖြစ်သည်။

ထိုအတွေးကြောင့် အဘိုးအိုသည် ဓားဝိညာဉ်ပန်းပဲဖိုတွင် ဆက်ပြီးတော့ မနေတော့ပဲ ချက်ချင်း ထွက်သွားလေတော့သည်။

***

ဓားဝိဥာဉ် ပန်းပဲရုံထဲမှပြန်ထွက်လာသော ယဲ့ကျင့်ထန်သည် ဒီနေ့ သူမ ဘယ်လောက်ထိ ကံကောင်းသွားသလဲဆိုတာကို သတိမထားမိပဲ သူမရဲ့ သွေးနတ်ဆိုးဓားနှင့် ဓားတိုကိုပိုက်ကာ သူမရဲ့အိမ်သို့ ပြန်လာလေတော့သည်။

ခြံထဲမှာတော့ ဖေးယင်သည် သစ်ရွက်ခြောက်များကိုလှည်းနေပြီး ယဲ့ကျင့်ထန်ကိုမြင်သောအခါ ချက်ချင်း နှုတ်ဆက်လေတော့သည်။

"မမလေး ဒီနေ့တော်တော် ပျော်ရွှင်စရာတွေ ကြုံခဲ့ရတာလား" ဖေးယင်သည် ယဲ့ကျင့်ထန်ကို မျက်လုံးလေး မှိတ်တုတ်မှိတ်တုတ်ဖြင့် ကြည့်ကာ မေးလေသည်။

ယဲ့ကျင့်ထန် ရယ်လိုက်ပြီး ခေါင်းညိတ်ပြလေသည်။ ရုတ်တရက် တစ်စုံတစ်ခုကို သတိရသွားသဖြင့် သူမရဲ့ပစ္စည်းထည့် လက်စွပ်ကို ဖွင့်လိုက်ပြီး ပစ္စည်းတချို့ထုတ်ယူလိုက်လေသည်။

"နီရှန်းကို ဒီကိုလာဖို့ သွားခေါ်နော်"

ဖေးယင်သည် ခေါင်းညိတ်လိုက်ပြီး နီရှန်းကို ချက်ချင်း သွားခေါ်လေသည်။

ယဲ့ကျင့်ထန်သည် သူမရှေ့တွင်ရပ်နေသော ဆယ်ကျော်သက် ကောင်လေးနှင့်ကောင်မလေးကို မြင်သောအခါ သူမထုတ်လိုက်သော ပစ္စည်းများကို သူတို့လက်ထဲသို့ ထည့်ပေးလေတော့သည်။

"မင်းတို့ဟာ အခုလက်ရှိအချိန်မှာ ဘယ်အခြေအနေမှာပဲ ရှိနေပါစေ မင်းလေးတို့ရဲ့ပါရမီတွေနဲ့ဆို အခုအချိန်ကစပြီး တစိုက်မတ်မတ် လေ့ကျင့်မယ်ဆိုရင် ဒီနေရာမှာ အကြာကြီးနေစရာမလိုဘူး" ယဲ့ကျင့်ထန်သည် ဖေးယင်နှင့်နီရှန်းကို အရမ်းကြီး ရှားပါတယ်လို့ သတ်မှတ်လို့မရပေမဲ့ သူတို့အသက်နဲ့

ကိုက်ညီတဲ့ အခြေခံ အတွင်းအားလေ့ကျင့်မှု နည်းစနစ်အချို့ကို ပေးလေသည်။

ငယ်ရွယ်တဲ့အချိန်ကနေစပြီး အခြေခံကောင်းကောင်း ချထားနိုင်တဲ့အခါမှသာ အနာဂတ်တွင် အတွင်းအား လေ့ကျင့်ရာ၌ ပိုမိုကောင်းမွန်သော အကျိုးရလဒ်ရှိမည် ဖြစ်လေသည်။

အတွင်းအားလေ့ကျင့်သည့် နည်းစနစ်များအပြင် ဇိအတွင်းအားဆေးလုံးအချို့ကိုလည်း ယွဲ့ကျင့်ထန် သူတို့ပေးလေသည်။

ဒီအရာတွေအားလုံးဟာ သူမအပြင်ဂိုဏ်းတွင်ရှိနေတုန်းက လဲလှယ်ထားခဲ့သောအရာများ ဖြစ်လေသည်။ အခု အတွင်းဂိုဏ်းသို့ဝင်ပြီးနောက် သူမတွင် လင်ဂွန်းနင်ဂျီဆေးလုံးများ ရှိနေပြီဖြစ်တဲ့အတွက် ဇိအတွင်းအားဆေးလုံးများမှာ သူမနှင့်မသင့်လျော်တော့ပေ။

သူတို့လက်ထဲက ပစ္စည်းများကိုကြည့်ရင်း ကလေးနှစ်ယောက်၏ မျက်လုံးများတွင် မယုံကြည်နိုင်သော အကြည့်များ ရှိနေလေသည်။

အထိန်းတော် ကောင်လေးများနှင့် အစေခံကောင်မလေးများ၏ အဆင့်ရာထူးမှာ အတွင်းဂိုဏ်းထဲက အစေခံများနှင့် အဆင့်တူလေသည်။ သူတို့ရဲ့ အထိန်းတော် ကောင်လေးများနှင့် အစေခံကောင်မလေးများကို မတိုးတက်လာအောင် တားမြစ်ရန်အတွက် တပည့်အတော်များများသည် သူတို့ကို သိုင်းပညာနှင့် ပတ်သက်သောအရာများနှင့် ထိတွေ့ဆက်ဆံမှုမပေးပဲ သူတို့ကို အတွင်းအားလေ့ကျင့်မှု နည်းစနစ်များနှင့် ဆေးလုံးများကို အရင်ပေးလာဖို့ဆိုတာ ပိုတောင်ဝေးလေသည်။

"မမလေး ... ကျွန်တော်တို့ ဒီပစ္စည်းတွေကို ... လက်မခံပါရစေနဲ့ ..." နီရှန်းသည် သူမခေါင်းကို အထိတ်တလန့်ဖြင့်ခါပြီး ယွဲ့ကျင့်ထန်ကို ပစ္စည်းများပြန်ပေးလေသည်။

ဖေးယင့်သည်လည်း ဒီမထင်မှတ်ထားတဲ့ရက်ရောမှုကြောင့် အလားတူ အလွန်အံ့အားသင့်နေပြီး အနည်းငယ်ပင် ကြောက်သွားလေသည်။

***